# (၂-၁၀-၂၀၂၀) မှ (၈-၁၀-၂၀၂၀)ထိဆန်ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၅ ရက်တွင် International Rice Market Website တွင်ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀%) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၁၁ ဖြင့်လည်းကောင်း၊ ညှော့မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၉ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၄ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၃ ဖြင့်လည်းကောင်း၊ ညှော့မထ(၂၅%) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၃ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅%)ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့်လည်းကောင်း၊ (၁၀၀%) ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thai Rice Exporters Association အစီရင်ခံစာအရ ထိုင်းဆန် ပြည်ပတင်ပို့မှုအနေဖြင့် ယခင်နှစ်က ဆန်တန်ချိန် ၅.၀၀ သန်းတွင် ထိုင်းဘတ်ငွေ ၁၁၅.၀၀ ဘီလီယံ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅၀ သန်း တွင် ထိုင်းဘတ်ငွေ ၁၃၀.၀၀ ဘီလီယံသာ ရရှိနိုင်မည်ဟု မျှော်မှန်းထားပြီး ဆန်တင်ပို့မှုမှ ရရှိမည့် တန်ဖိုးငွေ လျော့ကျနိုင်ကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Chookiat Ophaswongse ကပြောကြားခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဘတ်ငွေ အားကောင်းခြင်းနှင့် ဆန်ထုတ်လုပ်မှုကျဆင်းခြင်းက ထိုင်းဆန်တင်ပို့မှုကို ထိခိုက်စေခဲ့ကြောင်းလည်း Chookiat Ophaswongse က မှတ်ချက်ပြု ပြောကြားခဲ့ပါသည်။ ထိုင်းဆန်ဖြူသည် နိုင်ငံ၏ စုစုပေါင်း ဆန်တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းအထိ ရှိကြောင်းလည်း သိရှိရပါသည်။

ထိုင်းဆန်ဖြူဈေးသည် လက်ရှိတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဝန်းကျင်တွင်ရှိပြီး ဗီယက်နမ် ဆန်ဖြူဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀၊ အိန္ဒိယဆန်ဖြူဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ နှင့် မြန်မာ ဆန်ဖြူဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ အသီးသီး ပေါက်ဈေးရှိကြောင်း သိရှိရပြီး ထိုင်းဆန်ဖြူဈေးသည် ပြိုင်ဘက် ဈေးကွက်များနှင့်ယှဉ်လျှင် ဈေးပိုကြီးမြင့်လျက်ရှိကြောင်း သိရှိရပါသည်။

ပုံမှန်အားဖြင့် မလေးရှားနိုင်ငံသည် ထိုင်းဆန်ဖြူကို တစ်နှစ်လျှင် တန်ချိန်လေးသိန်းခန့် ဝယ်ယူလေ့ရှိသော်လည်း ယခုနှစ်တွင် ထိုင်းဆန်ဖြူကို တန်ချိန်လေးသောင်းသာ ဝယ်ယူခဲ့ပြီး ဗီယက်နမ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ဆန်ကို အစားထိုး ဝယ်ယူခဲ့ကြောင်း၊ ထို့ပြင် ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပမှ ဆန်တန်ချိန် ၁ ဒသမ ၈၀ သန်း တင်သွင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ဆန် တန်ချိန် ၁ ဒသမ ၇၀ သန်းနှင့် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၆၀၀၀၀ သာတင်သွင်းခဲ့ကြောင်း၊ သို့သော်လည်း ယခင်နှစ်များက ထိုင်းနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ နှစ်စဉ်ဆန်တန်ချိန် ၅ သိန်းခန့်အထိ တင်ပို့နိုင်ခဲ့ကြောင်း Chookiat Ophaswongse က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ် ပထမကိုးလအတွင်း ပြည်ပသို့ ဆန်တန်ချိန် လေးသန်းခန့်တင်ပို့နိုင်ခဲ့ပြီး လစဉ် ပျမ်းမျှတန်ချိန် ၃ သိန်း မှ ၄ သိန်းအကြားတွင် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့နိုင်မှု မျှော်မှန်းချက်ဖြစ်သည့် တန်ချိန် ၆ ဒသမ ၅ သန်း ပြည့်မီနိုင်ရန်အတွက် လစဉ်အနည်းဆုံးတန်ချိန်ငါးသိန်းကျော် တင်ပို့နိုင်ရမည်ဖြစ်သော်လည်း လက်ရှိတွင် ဆန်တင်ပို့နိုင်မှု မျှော်မှန်းချက် ပြည့်မီနိုင်ရန် ခက်ခဲကြောင်း ထိုင်းဆန်တင်ပို့သူများအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားခဲ့သည်ကို သိရှိရပါသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထွက်စပါးများကို အခြေခံရည်ညွှန်းဈေးအောက် ကျဆင်းပါက တိုင်းဒေသကြီး/ ပြည်နယ် ငါးခုအတွက် ကျပ် ဘီလီယံ ၂၀ အသုံးပြုကာ ဝယ်ယူပေးနိုင်ရန် စီးပွားရေးကော်မတီသို့ တင်ပြထားကြောင်း လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ထံမှ သိရှိရပါသည်။ အဆိုပါ ဘတ်ဂျက်ငွေများကို

နိုင်ငံတော်လှည့်ပတ် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ပြီး၊ ယခင်နှစ်က ဝယ်ယူပေးခဲ့သည့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်း ဒေသကြီးတို့အပြင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ ထပ်တိုးလာခြင်းကြောင့် စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခုအထိ ရှိလာကြောင်း သိရှိရ ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် စပါးကို အခြေခံရည်ညွှန်းဈေးနှုန်းဖြစ်သည့် တင်း တစ်ရာလျှင် ၅၂၀၀၀၀ အောက်ကျဆင်းလာပါက ဝယ်ယူပေးမည်ဖြစ်ပြီး ယခင်နှစ်က အစိုးရမှ အခြေခံဈေးနှုန်းဖြင့် စပါးဝယ်ယူမှု နောက်ကျခဲ့ခြင်းကြောင့် စပါးဈေး ကျဆင်းမှုကို အပြည့်အဝ ထိန်းပေးနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း တောင်သူများနှင့် ကုန်သည်များက ပြောကြားကြသည်ကို သိရှိရပါသည်။ ဝယ်ယူသည့် အချိန်တွင် ယခင်နှစ်များတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကဲ့သို့ မဖြစ်ပေါ်စေရန် ဝယ်ယူမည့်နည်းလမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ အကြံပြုချက် အလိုက် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားခဲ့သည် ကို သိရှိရပါသည်။

လက်ရှိတွင် အစိုးရအနေဖြင့် စပါးဝယ်ယူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများ၊ စပါး၊ ဆန် ဝယ်ယူကြီးကြပ်မှုလုပ်ငန်း အဖွဲ့များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ဆန်စပါးကုန်သည်များအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်း ကဏ္ဍအလိုက် တင်ပြချက်များကို စုစည်းကာ စပါးဝယ်ယူရေး အဆင်ပြေစေရန် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စပါးတင်းတစ်ရာလျှင် အခြေခံရည်ညွှန်းဈေးနှုန်း ဖြင့် စပါးဝယ်ယူမည့် အစီအစဉ်တွင် ခွဲတမ်းသတ်မှတ်ခြင်းမျိုးမဟုတ်ပဲ စပါးဝယ်ယူရန် တင်ဒါ ခေါ်ယူမည်ဖြစ်ပြီး အရေအတွက်ကို ကြိုတင်ကြေညာပေးလိမ့်မည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူက ပြောကြားခဲ့ပါသည်။ တိုင်းဒေသကြီး

အစိုးရက သင့်တင့်မျှတသည့် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် အစိုဓာတ် (၁၄%)၊ အဖျင်းအမော်၊ ဖွဲ၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် (၄၆) ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ကျပ်ငွေ ၅၂၀၀၀၀ သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရေးသည် ဆန်စပါးဈေးကွက် တည်ငြိမ်ခိုင်မာမှုရှိမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး၊ အစိုးရမှ ဆန်/စပါးများ ဘဏ္ဍာနှစ်အလိုက် ဝယ်ယူရခြင်းဖြစ်ကာဆန်စပါးများ ဝယ်ယူရာတွင် တင်ဒါအောင်မြင်သူများအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား ထိခိုက်မှုမရှိစေပဲ အစိုးရက သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ဝယ်ယူသွားရန် အရေးကြီးကြောင်း၊ ယခင်နှစ်က ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အခြေခံဈေးနှုန်းအောက်ကျဆင်းခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ငွေကျပ် ၁၅ ဘီလီယံကို အသုံးပြုကာ ဝယ်ယူရာတွင် ငွေကျပ် ၆.၅၀ ဘီလီယံဖိုးခန့် ဝယ်ယူပေးခဲ့ကြောင်း သိရှိရပါသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းတစ်ယွမ်လျှင် ၁၉၄ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅% ဆန်တစ်အိတ်လျှင် ၂၂၃၁၀ ကျပ်မှ ၂၃၂၈၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၅ ကျပ်နှုန်းပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၃၀၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ နှင့် ကလေးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၉၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့နှင့် ကျိုင်းတုံမြို့တို့တွင်

ညော့မထဆန် တစ်ပြည်လျှင် ကျပ် ၁၂၀၀၊ ဘားအံမြို့တွင် ကျပ် ၁၁၀၀ နှင့် စစ်တွေမြို့တွင် ကျပ် ၁၀၅၀ တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃၆ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလပထမပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/ အကျပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။